# MPRL E&P Pte Ltd.

## ဒေသခံလူထုနှင့်

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်



မန်းရေနံမြေမှ အကြံပြု ဆွေးနွေးခြင်းဖြစ်စဉ်များ မှတ်တမ်း



## ၁။ မိတ်ဆက်ခြင်း

MPRL E&P သည် IFC စနစ်များနှင့်အညီ Operational Grievance Mechanism ဟု ခေါ်သည့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်တစ်ခုကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။၎င်းအကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည်ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဒေသခံလူထု၏စိုးရိမ်ပူပန်မှုများ၊ ကျေနပ်မှုမရှိသည့်ကိစ္စရပ်များကိုထိရောက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက် ကုမ္ပဏီနှင့် ဆွေးနွေး ညှိနှိုင်းသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် MPRL E&P ၏ ဦးတည်ချက်သည် ဒေသခံလူထုအနေဖြင့် ကုမ္ပဏီသို့ တိုက်ရိုက်ပြောဆိုဆွေးနွေးနိုင်ပြီး ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် အကျိုး သက်ရောက်မှုများကို ထိရောက်စွာ လေ့လာစောင့်ကြည့်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။

ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်လုပ်ကိုင်နေသူများတွင် ဒေသခံလူထုနှင့်အကျိုးဖြစ်ထွန်းသော မိတ်ဖက်ဆက်ဆံရေး တည်ဆောက်နိုင်ရေးအတွက် အဓိကတွန်းအားသည် ဒေသခံလူထုထံမှ လူမှုရေးဆိုင်ရာ ခွင့်ပြုချက် ရရှိခြင်းပင် ဖြစ်ပါသည်။

## ၁.၁။ ဦးတည်ချက်များ

MPRL E&P သည် ဦးတည်ချက်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

- လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ညှိနှိုင်းဆောင်ရွက်လိုသည့်ကိစ္စများကိုထိရောက်စွာလက်ခံဆောင်ရွက်နိုင်ရန် လုံခြုံစိတ်ချရသည့် စနစ်တစ်ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- စိုးရိမ်ပူပန်မှုများနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို လျှော့ချရာတွင် MPRL E&P နှင့် ဒေသခံလူထုအကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့် တည်ဆောက်ခြင်းဖြင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ရန်၊
- ဒေသခံများတွင် သီးခြား ဆွေးနွေးရမည့် အကြံပြုချက်များ ရှိပါက လုံခြုံ စိတ်ချစွာ လက်ခံဆွေးနွေး ဆောင်ရွက်ရန်၊
- အကြံပြုဆွေးနွေးသူများ၏ သဘောထားအမြင်များကို လေးစားပြီး ခွဲခြားဆက်ဆံခြင်းမပြုရန်။



ဦးစည်သူမိုးမြင့်
Country Manager
MPRL E&P Pte Ltd.

"ဒေသခံတွေအနေနဲ့ ကျွန်တော်တို့ Project ကြောင့် ကြုံတွေ့ရတဲ့ ဒုက္ခတွေပဲ ဖြစ်ဖြစ် နစ်နာမှုတွေပဲ ဖြစ်ဖြစ် တင်ပြမယ်ဆိုလို့ရှိရင် တင်ပြလို့ရတဲ့ နည်းလမ်း သုံးလမ်းရှိပါတယ်။ ပထမနည်းလမ်းကတော့ ဒီ နစ်နာမှုကို ကျေးရွာ(၁၄) ရွာမှာ ထားရှိတဲ့ စာတိုက်ပုံးတွေကနေတစ်ဆင့် တရားဝင်တင်တဲ့နည်းလမ်းဖြစ်ပါတယ်။ဒုတိယနည်းလမ်းကတော့ ဒီဒေသခံတွေအနေနဲ့ ဖုန်းနဲ့ တိုက်ရိုက်ဆက်သွယ်ပြီးတော့ ဒီ Grievance ကိုတင်ပြလို့ရတဲ့ နည်းလမ်းဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ ကျေးရွာ (၁၄) ရွာလုံးမှာ Volunteer တွေခန့်ထားပြီး သူတို့ကတစ်ဆင့် တင်ပြလို့ရတဲ့ နည်းလမ်းဖြစ်ပါတယ်။"



# ၂။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ခရီး

၂၀၁၄

**အကြံပြုဆွေးနွေးခြင်းကို မိတ်ဆက်စမ်းသပ်ခြင်း**

ဧပြီ - ဇွန် ၂၀၁၄

• အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မန်းရေနံမြေရှိ ကျေးရွာပေါင်း (၁၄) ရွာအနက် ကျေးရွာ (၃) ခုတွင်စတင်မိတ်ဆက်ပြီး စမ်းသပ်ဆောင်ရွက်ခဲ့သည်။
• ဒေသခံလူထုအနေဖြင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆွေးနွေးနိုင်မည့် နည်းလမ်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိနားလည်နိုင်စေရန် သတင်းအချက်အလက်များ မျှဝေနိုင်ခဲ့ပါသည်။

**အကြံပြုဆွေးနွေးခြင်းကို စတင်ဆောင်ရွက်ခြင်း**

ဇူလိုင် ၂၀၁၄

၂၀၁၄ ခုနှစ် ဇူလိုင်လ --
အခြားကျေးရွာများတွင်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဗီနိုင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း**

အောက်တိုဘာ ၂၀၁၄

ဒေသခံလူထု ပဟုသုတ ပိုမိုရရှိစေရန် သတင်းအချက်အလက်၊ အသိပညာပေးရေးနှင့် လူမှုဆက်သွယ်ရေး လုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဆိုင်းဘုတ်များ၊ ဗီနိုင်းကြော်ငြာများ၊ လက်ကမ်းစာစောင်နှင့်ကာတွန်းများကို အသုံးပြု ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅

**ပြန်လည်သုံးသပ်ခြင်းနှင့် အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ သတ်မှတ်ခြင်း**

ဖေဖော်ဝါရီ ၂၀၁၅

• အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အား ပိုမိုကောင်းမွန်စေရန် ယင်းလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ စိစစ်သုံးသပ်ခဲ့ပါသည်။
• ထိုသို့ စိစစ်သုံးသပ်မှုများကို အခြေခံ၍ MPRL E&P သည် ဝန်ထမ်းများအား ဆွေးနွေးဖြေရှင်းမှုများ အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်မည့် နည်းလမ်းနှင့် သင်တန်းများ ပို့ချနိုင်ခဲ့ပါသည်။
• အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုကို စောင့်ကြည့်ရန်နှင့် တိုင်းတာရန် အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း များသတ်မှတ်ဆောင်ရွက်ခဲ့သည်။

၂၀၁၅

**စေတနာ့ဝန်ထမ်းများကို ToT သင်တန်းပို့ချခြင်း**

မေ ၂၀၁၅

• ဒေသခံစေတနာ့လုပ်အားပေးများသည် ဒေသခံလူထုသို့ သတင်းအချက်အလက် ဖြန့်ဖြူးပေးရန် ToT သင်တန်းများရရှိခဲ့သည်။
• စေတနာ့လုပ်အားပေးများသည် ကျေးရွာများအားလုံးရှိ အိမ်ထောင်စုဝင် အနည်းဆုံး (၅၀) ရာခိုင်နှုန်းကို အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်အကြောင်း အသိပညာပေးလျက်ရှိပါသည်။

**KAP စစ်တမ်းကောက်ယူခြင်း**

ဇူလိုင် - စက်တင်ဘာ ၂၀၁၅

•အိမ်ထောင်စု ၄၂၀ ၏ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်အပေါ် ပဟုသုတ၊ သဘောထားနှင့် လက်တွေ့ ဆောင်ရွက်မှုစစ်တမ်းတစ်ခု (KAP Survey) ကိုလုပ်ဆောင်ကာ ဒေသခံလူထု၏ နားလည်သဘော ပေါက်မှုနှင့် လက်ရှိကြုံတွေ့နေရသော အတားအဆီးများ အကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။

၂၀၁၇

**အကြံပြုဆွေးနွေးခြင်း လွှင့်ရှားမှု**

ဘဏ္ဍာနှစ် ၁၆ - ၁၇

**အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု၏ရည်မှန်းချက်**
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက်အဝန်း (၁၄) ခုတို့၏ ထိတွေ့လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။

- အကြိမ်ရေ (၃၆)
- တက်ရောက်သူဦးရေ (၈၅၅)

**အကြံပြုဆွေးနွေးခြင်း လွှင့်ရှားမှု**

ဘဏ္ဍာနှစ် ၁၇ - ၁၈

**အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု၏ရည်မှန်းချက်**
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက်အဝန်း (၁၄) ခုတို့၏ ထိတွေ့လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။

- အကြိမ်ရေ (၄၂)
- တက်ရောက်သူဦးရေ (၃၁၂၃)

၂၀၁၈

၂၀၁၉

**အကြံပြုဆွေးနွေးခြင်း လွှင့်ရှားမှု**

ဘဏ္ဍာနှစ် ၁၈ - ၁၉

**အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု၏ရည်မှန်းချက်**
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက်အဝန်း (၁၄) ခုတို့၏ ထိတွေ့လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။

- အကြိမ်ရေ (၁၆)
- တက်ရောက်သူဦးရေ (၁၈၇၂)



**အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းဆွေးနွေးပွဲ**
**(၂၀၁၅ ခုနှစ် မေ - ၂၀၁၉ ခုနှစ် မတ်လ)**

| ဆွေးနွေးပွဲ အကြိမ်ရေ | အိမ်ထောင်စု | လွှမ်းခြုံမှု% |
| --- | --- | --- |
| ၅၇၇ | ၃၁၆၁ | ၁၁၄% |

**အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းဆွေးနွေးပွဲ**
**(၂၀၁၈ခုနှစ် ဧပြီ - ၂၀၁၉ ခုနှစ် မတ်လ)**

| ဆွေးနွေးပွဲအကြိမ်ရေ | အိမ်ထောင်စု | ကျေးရွာ | အချိန်(နာရီ) | လွှမ်းခြုံမှု% |
| --- | --- | --- | --- | --- |
| ၂၈ | ၁၆၂ | ၈ | ၁၂၁.၅ | ၆ |

MPRL E&P သည် မန်းရေနံမြေ ဒေသခံများ ပိုမိုသိရှိနားလည်နိုင်စေရန် ဒေသခံစေတနာ့ ဝန်ထမ်း များနှင့် CSR ဝန်ထမ်းများက အဖွဲ့ငယ်များခွဲ၍ အကြံပြုစာတင်ပြနိုင်သည့်အခြေအနေ၊ ကုမ္ပဏီဘက်မှ ဆောင်ရွက်ပေးနိုင်သည့်အခြေအနေ (သို့မဟုတ်) ဆောင်ရွက်မပေးနိုင်သည့်အခြေအနေနှင့်လုပ်ငန်းစဉ်တွင်ပါဝင်သည့်သတ်မှတ်ထားသည့်အချိန်ကာလအတွင်းလိုက်နာ ဆောင်ရွက်ရမည့် အဆင့်များကို ပုံမှန်ရှင်းလင်းတင်ပြဆွေးနွေးပြီး အသိပညာမျှဝေလျက်ရှိပါသည်။ ထို့ပြင် ဒေသခံများအနေဖြင့် အကြံပြုစာပေးပို့လိုပါက အဆင်ပြေချောမွေ့စွာပေးပို့ တင်ပြနိုင်ရန် ပေးပို့တင်ပြနိုင်မည့် ပုံစံအမျိုးမျိုးကိုလည်း ပံ့ပိုးဆောင်ရွက်ပေးထားပါသည်။ ထို့ပြင် ကုမ္ပဏီနှင့်ပတ်သက်၍ ပိုမိုနားလည်သိရှိနိုင်စေရန် အကြံပြုစာပေးပို့နိုင်မည့် ပုံစံများကိုလည်း အသိပေးကြေညာထားပြီး ဖြစ်ပါသည်။

# ၂.၁။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

## (မန်းရေနံမြေတွင် အသိပညာဖွံ့ဖြိုးမှုမြှင့်တင်ရေးလှုပ်ရှားမှု)

MPRL E&Pသည် ယခုနှစ်တွင် အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးအစီအစဉ်ကို တတိယအကြိမ်မြောက် ဦးစီး ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအစီအစဉ် မစတင်မီ MPRL E&P သည်အကြံပြုဆွေးနွေးခြင်း လုပ်ငန်းအပေါ် ဒေသခံလူထု၏ သိရှိနားလည်မှုကို ဆန်းစစ်နိုင်ရန်၊ အကြံပြုစာတင်ပြသူများ၏ လက်ခံကျေနပ်မှုကို ဆန်းစစ်ရန်၊ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ တိုးတက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ဗဟုသုတ၊ သဘောထား အမြင်နှင့် အမူအကျင့် (KAP) ဆိုင်ရာ ဆန်းစစ်လေ့လာချက် တစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ်၏ အကြံပြု ဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေး အစီအစဉ်ကို အဆိုပါ ဆန်းစစ်လေ့လာ တွေ့ရှိချက်များအပေါ် အခြေခံဆောင်ရွက်ခဲ့ပါသည်။ CSR ဌာန အနေဖြင့်လည်း အဆိုပါအစီအစဉ်၏ ရည်မှန်းချက်များ အောင်မြင်စေရန်နှင့်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P ၊ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ ဒေသခံပြည်သူများ နှင့်ထိတွေ့ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။



မန်းရေနံမြေ ဒေသခံများအကြား လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာတိုးတက်ရန်နှင့် လက်တွေ့ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပိုမိုသိရှိနိုင်စေရန် ဒေသခံစေတနာ့ ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်းပါဝင်မှုဖြင့် အဆိုပါ အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေး အစီအစဉ်၏ အဆင့်(၂)ဆင့်ကို၂၀၁၈ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပါသည်။ ယခု ဘဏ္ဍာနှစ်နှစ်တွင် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များကို ပုံပြရုပ်ပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြနိုင်ရန်စိတ်ကူးထားသည့် အတိုင်း ကာတွန်းဆရာ " ဆရာလေး " ၏ အနုပညာ ဖန်တီးမှုဖြင့် ရွှေလှုပ်ရှားလျှား ကာတွန်း အနုပညာ ပြခန်းတစ်ခုကို မန်းရေနံမြေ ဒေသခံများနှင့် MPRL E&P မှ ဝန်ထမ်းများ အတွက်ပါ ဖွင့်လှစ်ပြသနိုင်ခဲ့ပါသည်။



အဆိုပါရွှေ့လျားကာတွန်းအနုပညာပြခန်းသို့ အစီအစဉ် ဆောင်ရွက်သည့် ကာလအတွင်း လူဦးရေ ( ၁၈၇၀) ဦးခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။ မျက်နှာဆေးပန်းချီရေးခြယ်ခြင်းသည် ကလေးများအကြားအလွန်ရေးပန်းစားသည့် အစီအစဉ်ဖြစ်သည့်အလျောက် ဒေသခံပန်းချီဆရာတစ်ဦးနှင့် CSR & Communications ဌာနမှဝန်ထမ်းတစ်ဦးတို့ကကလေးငယ်များနှစ်သက်သည့် သူရဲကောင်း ကာတွန်းဇာတ်ကောင်များကို မျက်နှာ ဆေး ပန်းချီ ရေးဆွဲပေးခဲ့ပါသည်။ သို့ဖြစ်၍ မျက်နှာဆေးပန်းချီရေးဆွဲသူများက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ အကြံပြု ဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးအစီအစဉ်ကို အရောင် စုံလင်တောက်ပပြီး ပျော်ရွှင်ဖွယ်အစီအစဉ် ဖြစ်အောင် ပံ့ပိုးနိုင်ခဲ့ပါသည်။



အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍မသိရှိသေးသူများသိရှိနားလည် နိုင်စေရန်၊ အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြစ်သဖြင့်ဒေသခံများ အနက်မှ ကျေးရွာလူထု ခေါင်းဆောင်များကပါ အဆိုပါအစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်ရမည့် အချက်အလက်များကို အများပြည်သူ သိရှိ နားလည်နိုင်စေရန် ပံ့ပိုးကူညီကြပါသည်။ ဒေသခံစေတနာ့ ဝန်ထမ်းများကိုယ်တိုင် ပါဝင်ဆောင်ရွက်ရသည့်လုပ်ငန်းစဉ် ဖြစ်ခြင်းသည် ယုံကြည်မှု အမြန်ဆုံး တည်ဆောက်နိုင်ပြီး အောင်မြင်မှုရရှိသည့် သာဓကလည်း ဖြစ်ပါသည်။ ထို့ပြင်ဒေသခံစေတနာ့ ဝန်ထမ်းများကို ဆုံးဖြတ်ဆောင်ရွက်ခွင့်နှင့် လုပ်ပိုင်ခွင့်များ ပေးခြင်းဖြင့် ၎င်းတို့၏ အရည်အသွေး တိုးတက်စေရန် ပျိုးထောင် ပံ့ပိုးပေးရာလည်း ရောက်ပါသည်။










အဆိုပါ ဆန်းစစ်လေ့လာချက်ကို ရည်မှန်းလူဦးရေ အိမ်ထောင်စုပေါင်း (၂၈၇၇) စုတွင် အိမ်ထောင်စု ပေါင်း (၃၄၀) ကို နမူနာယူ၍ လေ့လာခဲ့ပါသည်။ ကျပန်းကောက်ယူရေတွက်ချက်အရ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ (၁၄) ရွာအနက်မှ အိမ်ထောင်စု (၃၅၀) ကို ကျပန်းရွေးချယ်ကောက်ယူ ဆန်းစစ် ထားခြင်း ဖြစ်ပါသည်။ လေ့လာဆန်းစစ်ချက်အရ အဓိက တွေ့ရှိချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

- (၁၃) % သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မကြားဖူးပါ။
- ဆန်းစစ်ခဲ့သူများအနက် (၇၄)% သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လက်ကမ်းစာစောင်များ၊ ပိုစတာနှင့် ကြော်ငြာသင်ပုန်းများမှ တဆင့် သိရှိကြောင်း ဖြေဆိုခဲ့ပြီး၊ ဒေသခံစေတနာ့ ဝန်ထမ်းများမှ တဆင့် သိရှိကြောင်း ဖြေဆိုသူ (၆၇) % ရှိသည်ကို တွေ့ရပါသည်။ ထိုအထဲမှ တစ်ဦးမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်း ရိုက်ကူး တင်ဆက်ထားသည့် မှတ်တမ်းဗီဒီယို ကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည်ကို ကြည့်ရှုခဲ့ပြီး ထိုမှတင်ဆင့် အဆိုပါ လုပ်ငန်းစဉ်ကို သိရှိကြောင်း ဖြေဆိုခဲ့ပါသည်။
- အကြံပြုစာတင်ပြနိုင်သည့် အခြေအနေနှင့်ခေါင်းစဉ်များကို မေးမြန်းရာတွင် ဖြေဆိုသူ အများစုက -

(က) သီးနှံလျော်ကြေးပေးဆောင်ခြင်း
(ခ) ရေနံနှင့် ဆားငန်ရည်များ ယိုဖိတ်ခြင်း
(ဂ) မြေဆီလွှာပျက်စီးခြင်း
(ဃ) လျှပ်စစ်အန္တရာယ် ကျရောက်ခြင်းတို့ကို
ဖြေဆိုနိုင်ပါသည်။



## အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးအစီအစဉ် ( ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် )

စုစုပေါင်း အသိပညာပေးဟောပြောပွဲပေါင်း (၁၆) ကြိမ် ပြုလုပ်ခဲ့ပြီး လူဦးရေ (၁၈၇၇) ဦး ပါဝင်ခဲ့ ပါသည်။
အောက်ပါ ဇယားတွင် အသေးစိတ်ဖော်ပြထားပါသည်။

| အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ |
|---|---|---|
| တက်ရောက်သူဦးရေ - ၃၉၅ | တက်ရောက်သူဦးရေ - ၉၇၁ | တက်ရောက်သူဦးရေ - ၅၀၆ |
| အကြိမ်ရေ - ၄ | အကြိမ်ရေ - ၈ | အကြိမ်ရေ - ၄ |
| ဒေသခံလူမှုအဖွဲ့အစည်း - ၄ | ဒေသခံလူမှုအဖွဲ့အစည်း - ၈ | ဒေသခံလူမှုအဖွဲ့အစည်း - ၄ |
| ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ |

**အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်ဆိုင်ရာ ရည်မှန်းချက်**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ MPRL E&P မန်းရေနံမြေနှင့်ထိစပ်ကျေးရွာ (၁၄) ရွာ မှ ဒေသခံများနှင့် ထိတွေ့ဆက်ဆံမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

**အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်ဆိုင်ရာ ရည်ရွယ်ချက်**

- ရည်မှန်းလူဦးရေ၏ ၃၀% အထိ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို သိရှိနားလည်စေရန်၊
- ဆန်းစစ်မေးမြန်းခဲ့သူများအနက် ၃၀ % အထိ ယခု လုပ်ငန်းစဉ်ကို ထိရောက်စွာ အသုံးချ နိုင်စေရန်၊
- ယခုလုပ်ငန်းစဉ်သည် ပါဝင်ဆက်နွယ်သူသုံးဦးအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေး တစ်ရပ် ဖြစ်ထွန်းစေရန် အထောက်အကူပြုသည်ဟု ယုံကြည်သူ ၁၀ % အထိ တိုးတက်စေရန်၊




၁
မန်းရေနံမြေအနီး ကန်သာရွာလေးသည် မြေဆီလွှာပေါကြွယ်လှသဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းကြသည်။
ရွာအဝင်လမ်းတစ်ဘက်တချက် ရှုမညီးသည့် နေကြာပန်းခင်း အလှ သည် ရွာ၏သာယာမှုနှင့် ပန်းတင့် လှသော်လည်း
နေကြာခင်းပိုင်ရှင် ဦးသာလှတစ်ယောက် စိတ်မသာမယာ ညည်းညူနေရှာသည်။
'ရေနံတွင်းက ကားကြီးတွေမောင်းလိုက်တာကွာ ဖုန်တထောင်း ဆူညံနေတာပဲ။
ငါ့ယာခင်းထဲ လမ်းအစပ်က နေကြာပန်း ပင်တွေ လဲနေ၊ ပြားနေတာ သူတို့လက်ချက်ပဲနေမှာ ။
ဟိုတလောကလည်း အဲ့ဒီနားမှာပဲ တွင်းတစ်တွင်း လာပြင်တာ တွေ့တယ်။ သူတို့ လက်ချက်ပဲ
နေမှာ......ဘယ်သူ့ကို ဘာသွားပြောရမှန်းမသိ ဒုက္ခပါပဲကွာ'......


၂
ဗျို့ ဦးသာလှ.........
တစ်ယောက်တည်းပွစိပွစိနဲ့
ဘာတွေရေရွတ်ပြီး
မှိုင်နေတာလဲ မပြန်သေး ဘူးလား
ပြန်မလိုပါပဲ ကိုရွှေရာ.....ကျုပ်နေကြာခင်းနဲ့ ဒီရေနံတွင်းက
ကားတွေအကြောင်း တွေးပြီး      စိတ်ညစ်နေတာဗျာ။
ဒီမှာကြည့်ပါဦး။ နေကြာပင်တချို့လည်း လဲနေပြီး
ဒီနှစ် ကျုပ် အခင်းက အထွက်မကောင်းပြန်ဘူးနဲ့ တူပါတယ်။


၃
လာဗျာ ..အတူတူပြန်ရင်းနဲ့ပြောရအောင်.....
ခင်ဗျားလိုပြဿနာမျိုး ကျုပ်လည်းဖြစ်နေတယ်...
ကျုပ်ယာထဲမလဲ ဖြေရန်ပိုက်လိုင်းကြီး ၂ခုက
ကန့်လန့်ကြီးဖြစ်နေတယ်။ မြေပဲစိုက်ဖို့ ဘယ်လို
အကွက်ချပြီး ထွန်ရမလဲမသိဘူး။ ပိုက်လိုင်းကိုရှောင်ပြီး
ထွန်နေရတာနဲ့ အလုပ် မဖြစ် ဘူး။ တချို့နေရာတွေဆို
ရေနံတွေကစိမ့်နေပြီး မြေကြီးမှာအကွက်လိုက်ဗျာ။
အဲ့ဒီနားတွေဆို အပင်တွေက မဖြစ်ဘူး။ ဒါတွေဖြစ်ရင်
အသိပေးတိုင်ကြားလို့ရတယ်တော့ကြားတယ်။ ခက်တာက
ဘယ်သွား ပြောလို့ ပြောရမှန်းမသိဖြစ်နေတယ်။
အေးဗျာ....ခဥ်းခားရကြပ်လိုက်တာ.....


၄
နှစ်ဦးသားစကားတပြောပြောနဲ့ ရွာထဲရောက်လာရာ
လမ်းထိပ်တွင် ဒေါ်ထွေးနဲ့ ဆုံလေ ရာ .......
ဟဲ့ မိထွေး
ရေကြီးသုတ်ပြာနဲ့
ဘယ်တုန်းဟ......
ကျုပ်အိမ်နားမှာလေ.....ဟိုတစ်နှစ်က
ရေနံတွင်းကလူတွေ ရေထုတ်ကန်လေး
တူးချင်လို့ဆိုပြီး တူးပြီးထားခဲ့တာ...... သူတို့လုပ်ငန်းကပြီးသွားပေမယ့် မြေခါဖြည့်ပြီး ပိတ်မထားတော့ မိုးကြီးတာနဲ့ ရေတက်ပြီး
ခြံထဲအထိ ရောက်လာလို့။...အဲ့ဒါရွာတောင်ပိုင်းက မိအေး ဆီသွားပြောရင် သူကနေတဆင့်
အဲဒီရေနံကုမ္ပဏီကို သွားပြောပေးတယ်ဆိုလို့ မိအေးဆီသွားမလို့.......



ဟုတ်လားဟဲ့....
အတော်ပဲ ငါတို့မှာလည်း
အဲလိုကိစ္စ တွေပြောစရာ ရှိတယ်..
လာလာ .... မိအေးဆီ
အတူတူသွားရအောင်...
ဒီလိုနဲ့ သုံးယောက်သားမိအေးအိမ်ဆီသို့ ချီတတ်ခဲ့ကြလေသည်။



မိအေးအိမ်တွင်.............
ခုလိုကိုယ်တိုင်လာ ပြောတာ ကျေးဇူးတင်ပါတယ်။
ကျွန်မလည်း ရွာသူရွာသားတွေကိုအစည်းအဝေး
ခေါ်ပြီး အသိပေးဆွေးနွေးပွဲလေး ထပ်လုပ်မလို့ပဲ။
MPRL E&P က CSR သင်တန်းသွားတက်ပြီး
အခုမှ ပြန်ရောက်လို့ပါ။
ကျွန်မလည်းအခုကမသိဘူး....ကျောင်းဆရာလေးပြောလို့
သိရတာ...ဟိုတလောက ကလေးတွေကျောင်းသွားတဲ့လမ်းမှာ
အဲဒီရေနံတွင်းနားက ခေါက်တိုင်တစ်တိုင် ခေါက်ကြိုး ပေါက်ပြီး
မီးပွားကျလောလို့ ကလေးအတွက်အန္တရာယ်ရှိတယ်လေ...
ကျောင်းဆရာလေးက နှံ့နှံ့စပ်စပ် သိတော့ သူကိုယ်တိုင်
အဲ့ကုမ္ပဏီကို ဖုန်းဆက်ပြောလိုက်တာ ဟိုက လာပြင်ပေး
သွားတယ်ပြောတယ်
....ပြီးတော့ မိအေးကိုပြောလို့လည်းရတယ်ဆိုလို့အေ...


၇
ဟုတ်ပါတယ်ရှင်...... ကျောင်းဆရာလေးလို ဖုန်းနဲ့တိုက်ရိုက်ဆက် ပြောလည်း ရပါတယ်အခုလို ကျွန်မနဲ့လည်း လူ ကိုယ်တိုင်တွေ့ပြီး အကြံပြုဆွေးနွေးလို့ရပါတယ်။ ကျွန်မလို ခေတနာ ဝန်ထမ်းကတဆင့် ဦးကြီးတို့အဒေါ်တို့ ဆွေးနွေးအကြံပြုတာတွေကို သက်ဆိုင်ရာ ကုမ္ပဏီဆီကို အကြောင်းကြားပေးပါတယ်ရှင့်.... နောက်တနည်းလည်းရှိပါသေးတယ်ရှင့် ရွာမှာစာတိုက်ပုံးလေး တွေထားပေးထားပါတယ်ရှင် အဆင်မပြေတာ၊ ပြောချင်တာ ဆွေးနွေးအကြံပြုချင်တာကို စာရေးသားပြီး အကြောင်းကြား နိုင်ပါတယ်။ စာရေးဖို့ အခက်ခဲရှိလည်းကျွန်မက အကူအညီ ပေးမှာပါရှင့်။


၈
ဦးကြီးတို့ ဒေါ်ကြီးတို့ပြဿနာအခက်အခဲကို ဒီနည်းလမ်းတွေသုံးပြီး ဆွေးနွေးအကြံပြု အသိပေး လို့ရပါတယ်။
သက်ဆိုင်ရာကုမ္ပဏီ ဖြစ်တဲ့ MPRL E&P ကလည်း MOGE နဲ့ အစည်းဝေးတိုင် ကွင်းဆင်း လေ့လာပြီး ပြေလည်အောင် ဖြေရှင်း ပေးပါလိမ့်မယ်ရှင့်


၉
ဦးကြီးတို့က ဒီလိုကိစ္စတွေနားမလည်တော့ သိအောင်ပြောပြဖို့အခက်ခဲရှိတယ်ကွဲ့။ ခုလို နည်း လမ်းတွေ သုံးပြီး အသိပေးဖြေရှင်းလို့ရတယ်ဆိုတော့ ကောင်းတာပေါ့ကွယ်။
ဟုတ်ပါ့တော်.... ဘာတဲ့.... အကြံပြု ခာတိုက်ပုံးထဲ ထည့်ပြီးပို့၊ သူတို့ဆီကို ဖုန်းနဲ့ဆက်၊ ခေတနာ ဝန်ထမ်းကနေ တဆင့်ပြော....
မှတ်ထားဦးမှ "ပို့၊ ဆက်၊ ပြော" တဲ့တော်။
ကဲကဲမှောင်နေပြီပြန်ကြဦးမယ်။ ကိစ္စအသေးစိတ် တွေတော့ မိအေးကို မနက်မှ ပြောတော့မယ်ကွယ်...
ကောင်းလိုက်တဲ့အစီအစဉ်ဗျို့ ဒါရှုအဖွဲ့အစည်း မှာ တာဝန်ယူ တာဝန်ခံမှုနဲ့ ညှိနှိုင်း ဆွေးနွေးမှုဆိုတာ ရှိသင့်တဲ့ လုပ်ငန်းစဉ် တစ်ခုပါပဲ။


၁၀
ဟုတ်ကဲ့ရှင့် ....စီမံကိန်းအနီးနားက တခြားရွာတွေလည်း ဒီလိုနည်းလမ်းတွေ အသုံးပြုပြီး အကြံပြုဆွေးနွေးကြလို့ နှစ်ဦးနှစ်ဘက်အကျိုးရှိပြီး အဆင်ပြေနေကြပါပြီရှင်.... ကျေးဇူးတင်ပါတယ်။ ဖြည်းဖြည်း ပြန်ကြပါရှင်.......
ထို့နောက်တွင် မိအေးအိမ်မှ အပြီးကိုယ်စီဖြင့် ထွက်ခွာသွားကြလေတော့၏။
ပြီး






ပုံ (၁) - ဒေသခံလူထုနှင့်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ပြပုံ (GM Flowchart MM Final ကို ဆိုလိုသည်။)

# ၂.၂။ အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ

| | |
|---|---|
| ၁၁၀ | အကြံပြုဆွေးနွေးတင်ပြမှု |
| ၁၁၀ | ဆွေးနွေးတင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှု |
| ၁ | ဖြေရှင်းဆောင်ရွက်ရန် အသိပေးကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁ ရက်မှ ၃ ရက် ) |
| ၇ | အကြောင်းပြန်ကြားရန် အချိန်ကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁၄ ရက်အတွင်း) |
| ၉ | ဖြေရှင်းဆောင်ရွက်ပြီးစီးရမည့် အချိန်ကာလ သတ်မှတ်ချက် ( ပျမ်းမျှ ရက်ပေါင်း ၃၀ အတွင်း) |
| ၁၀၀ | လုပ်ငန်းစဉ်အပေါ်ကျေနပ်မှု ရာခိုင်နှုန်း သတ်မှတ်ချက် ( ၅၀ ရာခိုင်နှုန်း) |
| ၉၈ | ရလဒ်အပေါ် ကျေနပ်မှု ရာခိုင်နှုန်းသတ်မှတ်ချက် ( ၅၀ ရာခိုင်နှုန်း) |






# ၃။ လက်ရှိတွေ့ကြုံရသောစိန်ခေါ်မှုများ

- သင့်လျော်သောအချိန်အတိုင်းအတာတစ်ခုအတွင်း အကြံပြုဆွေးနွေးချက်များကို ထိရောက်စွာ တုံ့ပြန် ဖြေရှင်းဆောင်ရွက်ခြင်း။
- မြို့နယ်မြေယာစီမံခန့်ခွဲမှု ကော်မတီကဲ့သို့ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း။




ဒေါ်သိင်္ဂီဝမ်း
ကျေးရွာစေတနာ့ဝန်ထမ်း
မယ်ဘော့ကုန်းကျေးရွာ

“ ကျွန်မတို့ ကျေးရွာတွေမှာ အရင်တုန်းကဆိုရင် ဒီလို ရေနံတူးတာကြောင့် အခက်အခဲလေးတွေ ရှိတယ်၊ တွေ့တယ်ဆိုရင် ဘယ်ပြောလို့ ပြောရမှန်းမသိဘူး။ အခုတော့ ရွာခံစေတနာ့ဝန်ထမ်း ကျွန်မရှိတဲ့အတွက်ကြောင့် သူတို့မှာ မေးလို့မြန်းလို့ လွယ်ကူသွားတယ်။ ပြောရဆိုရတာလည်း လွယ်ကူသွားပါတယ်။ ကျွန်မတို့က တစ်အိမ်တက်ဆင်း လိုက်ပြောတဲ့အခါကျတော့ သူတို့က သူတို့နားမလည်တဲ့ဟာဆိုရင်လည်း နင်တို့ပြောတဲ့အကြောင်းအရာလေးတော့ ဒါလေးနဲ့ တိုက်ဆိုင်သလားမသိဘူး။ ငါ့ကိုတော့ရှင်းပြပါအုံး။ အဲ့ဒီလိုလေးတွေ မေးမြန်းလာကြတယ်။ အဲ့ဒီမှာတိုက်ဆိုင်ရင် တိုက်ဆိုင်တယ်။ မတိုက်ဆိုင်ရင် မတိုက်ဆိုင်ဘူး။ ကျွန်မကသူတို့ကို ရှင်းပြတယ်။ ”



# ၄။ အကြံပြုဆွေးနွေးချက်များကိုလက်ခံရရှိခြင်းနှင့်ဆွေးနွေးဖြေရှင်းခြင်း




ပုံ(၂) - အမျိုးအစားအလိုက်လက်ခံရရှိခဲ့သော အကြံပြုဆွေးနွေးချက်များ
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ - ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)



ဦးစိုးဝင်း
ကျေးရွာအုပ်ချုပ်ရေးမှူး
မယ်ဘော့ကုန်းကျေးရွာ

“OGM စနစ်ရှိလာတဲ့အတွက် တောင်သူတွေအတွက်စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ လုံခြုံရေး ကိစ္စရပ်တွေအတွက်ပါ စိတ်ချလာရတယ်။ စိုက်ပျိုးပင်တွေမှာ ရေနံဖိတ်စင်နေရင် သီးနှံပျက်စီး တတ်တာကြောင့် အခုဆိုရင်ကျေးရွာစေတနာ့ဝန်ထမ်းတွေက နေ့အကြံပြု တင်ပြလို့ ရတဲ့ အတွက် ဆက်သွယ်ရလွယ်ကူသွားပါတယ်။ နောက် CSR ဝန်ထမ်းတွေကလည်း ကိုယ်ဒေသ ခံတွေ ဖြစ်တဲ့အတွက် တိုက်ရိုက်ပြောဆို ဆက်ဆံရတာ အဆင်ပြေပါတယ်။ ဒါကြောင့် OGM စနစ် ရှိနေတာက မန်းရေနံမြေကျေးရွာတွေအတွက် အကောင်းဆုံးဖြစ်ပါတယ်။”






ဒေါ်စန်းရီ
တောင်သူ
ကြာကန်ကျေးရွာ

“ကျွန်မယာခင်းထဲမှာသွယ်တန်းထားတဲ့ရေနံပိုက်လိုင်းကနေရေနံတွေယိုစိတ်တဲ့အတွက်မြေဆီလွှာပျက်စီးမှုဖြစ်ခဲ့တယ်။ ဒီလိုရေနံယိုဖိတ်ရင်ကုမ္ပဏီကို ကျေးရွာစေတနာ့ဝန်ထမ်းကနေတဆင့် အကြောင်းကြားနိုင်တဲ့ကြောင်းအိမ်နီးချင်းတွေဆီကနေသိရပြီးချက်ချင်းဆိုသလိုစေတနာ့ဝန်ထမ်းကို အကြောင်းကြားခဲ့တဲ့အတွက် ကုမ္ပဏီနှင့် အဆက်အသွယ်ရခဲ့တယ်။ MPRL E&P ကုမ္ပဏီက ကျွန်မယာခင်းထဲမှာ ရေနံဖိတ်ထားတဲ့မြေတွေကိုဖယ်ရှားပြီး မြေသားအသစ်နှင့် ပြန်အစားထိုးပေးခဲ့တယ်။ယိုစိမ့်နေတဲ့ရေနံပိုက်လိုင်းကိုလဲပြန်ပြင်ပေးခဲ့တယ်။ကျွန်မတင်ပြချက်ကို ကုမ္ပဏီက တာဝန်ရှိရှိ ဖြေရှင်းပေးတဲ့အတွက် စိတ်ကျေနပ်ပြီး ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။”

## လအလိုက် ရရှိပိတ်သိမ်းခဲ့သော အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များ
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ - ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ )




ပုံ(၃)-လအလိုက်ရရှိ၍ ပိတ်သိမ်းခဲ့သော အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များ
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ - ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ)




Ms. Vicky Bowman
ဒါရိုက်တာ
မြန်မာ့စီးပွားရေးကဏ္ဍ
တာဝန်ယူမှုရှိရေးအထောက်
အကူပြုဌာန (MCRB)

“မြန်မာနိုင်ငံမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စတင်အသုံးပြုခဲ့တဲ့ ကုမ္ပဏီတွေထဲက တစ်ခုကတော့ MPRL E&P ဖြစ်ပါတယ်။ MPRL E&P ရဲ့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က UN က ချမှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းများနဲ့ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းတွေနဲ့လည်း ညီညွတ်ပါတယ်။ နောက်ထူးခြားချက် တစ်ခုကတော့ ဒေသခံစေတနာ့ဝန်ထမ်းတွေကို ပါဝင်စေခြင်းပါပဲ။ ရွာသူရွာသားချင်းဖြစ်နေတဲ့အတွက် ဒေသခံတွေက စေတနာ့ဝန်ထမ်းတွေကို ယုံယုံကြည်ကြည်နဲ့ ဆွေးနွေးတိုင်ပင်နိုင်ကြပါတယ်။ ဒီလုပ်ငန်းစဉ် အပေါ် လူထုရဲ့ သိရှိမှုနဲ့ ပြဿနာငယ်လေးတွေကို အမြန်ဆုံးကိုင်တွယ် ဖြေရှင်းရာကတဆင့် ပြဿနာတွေ မကြီးထွားနိုင်ဖို့လည်း အထောက်အကူ ဖြစ်ပါလိမ့်မယ်။”

# ၅။ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

MPRL E&P သည်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုကို ကျေးရွာလူထု၏သိရှိနားလည်မှုအဆင့် ပြောင်းလဲမှုအပေါ် အခြေခံ၍ တိုင်းတာမည်ဖြစ်ပါသည်။




ပုံ (၄) - အမျိုးအစားအလိုက် စုစုပေါင်းနှင့် ဖြေရှင်းဆဲအကြံပြုဆွေးနွေးချက်များ
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ - ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ)



ဦးလှကြည်
တောင်သူ
မယ်ဘော့ကုန်းကျေးရွာ

“ ကျွန်တော့အိမ်နောက်ဘက်တွင် အသုံးမပြုတော့သည့် ရေဆိုးကန်အဟောင်းဟာ ခြံဝိုင်းထဲမှာ ရှိတဲ့အတွက် ကလေးတွေအတွက်အန္တရာယ်ရှိနေပါတယ်။ တစ်ရက်တော့ ရွာလယ် ဓမ္မာရုံမှာ MPRL E&P ကုမ္ပဏီက လာလုပ်တဲ့ဟောပြောပွဲမှာ အကြံပြုစာကဏ္ဍကို သိလာခဲ့ပြီး ရေဆိုးကန် အကြောင်းကို ကျေးရွာစေတနာ့ ဝန်ထမ်းကနေတဆင့် ကုမ္ပဏီကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ကုမ္ပဏီက ပထမမှာ တိုင်းတာတာတွေ လုပ်ပါတယ်။ ပြီးတော့ နောက်နေ့တွေမှာ ရေဆိုးကန်ကို မြေသားပြန်ဖို့ပေးတာ၊ မြေညှိပေးတာတွေ လုပ်ပေးပါတယ်။ ဒါတွေက ကျေနပ်စရာဖြစ်ပြီး အခုဆို အိမ်အနောက်ဖက်မှာ မြေနေရာ ကျယ်လာတဲ့အတွက် အိမ်မွေး တိရိစ္ဆာန် ကြက်၊ ဝက်တွေ မွေးထားနိုင်ပါပြီ။ ”






## MPRL E&P Pte Ltd.

**Vantage Tower** - အမှတ် (၆၂၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ် (၀၀၁၄၁)၊ ရန်ကုန်။

ဖုန်း - ၀၁ ၂၃၀ ၇၇၃၃၊ ဖက်စ် - ၉၅ ၁ ၂၃၀ ၇၇၄၄

အီးမေးလ် - mprlstaff@mprlexp.com

www.mprlexp.com    mprlep    mprlep    myanmar_mprlexp